# ကရင်အမျိုးသမီးတဦးကို နအဖစစ်တပ်က အုပ်စုလိုက် အဓမ္မပြုကျင့်

**မေ ၂၉ရက်။ စောသိန်းမြင့် (ကေအိုင်စီ)**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဆဲလယ်ကျေးရွာမှ ရွာသူ ကရင်အမျိုးသမီးတဦးအား မေလ (၂၅)ရက်နေ့တွင် နအဖ ခလရ(၂၈၃) တပ်ရင်းက အုပ်စုလိုက် အဓမ္မပြုကျင့်ခဲ့သည်ဟု ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ထိုနေ့နံနက် (၉)နာရီအချိန်ခန့်တွင် အသက် ၃၀နှစ်ရှိ ထီးဆဲလယ်ရွာသူ နော်ပယ်ကြာသည် ခင်ပွန်းဖြစ်သူ စောဒီးဒိနှင့်အတူ ရွာပြင်ရှိ ၎င်းတို့၏ပြောင်းခြံသို့ လိုက်သွားခဲ့ပြီး ခင်ပွန်းဖြစ်သူ ပြောင်းခင်းအတွင်းရှိနေစဉ် လယ်တဲ၌ကျန်ရစ်ခဲ့သူ သူမအား တိုက်ကင်းလှည့်လည်နေသည့် အမှတ်(၂) စစ်ကွပ်ကဲရေးဌာနချုပ် လက်အောက်ခံ ဗိုလ်ကြီးဌေးဝင်း ဦးဆောင်သည့် စစ်ကြောင်း(၂)၊ ခလရ(၂၈၃)တပ်ရင်းမှ တပ်ဖွဲ့ဝင်များက တောထဲသို့ အတင်းအဓမ္မ ဆွဲခေါ်သွားပြီး အစုလိုက်အပြုံလိုက် အဓမ္မပြုကျင့်ခဲ့ကြောင်း နယ်မြေခံတဦးက ကရင်သတင်းစဉ်ကို ယခုလို ပြောသည်။

သူက "အဲဒီနေ့မှာ သူတို့လင်မယားက ပြောင်းဖူးခြံကို သွားတယ်။ မိန်းမဖြစ်သူက ပြောင်းတဲမှာ နေတယ်။ ယောကျ်ားဖြစ်သူက ပြောင်းခင်းထဲကိုဆင်းပြီးတော့ အလုပ်သွားလုပ်တယ်ပေါ့။ သိပ်မကြာပါဘူး။ အဲဒီ နအဖ စစ်ကြောင်း ခလရ(၂၈၃)က ပြောင်းခြံထဲကိုဝင်လာပြီး တဲမှာရှိတဲ့ မိန်းမကို တွေ့တော့ တောထဲကို အတင်းဆွဲခေါ်သွားပြီး မုဒိမ်းကျင့်တော့တာပဲ။ တပ်ရင်းတရင်းလုံး ဝိုင်းကျင့်တော့ သူ့မိန်းမရဲ့ အော်သံဆူညံနေတာကို ယောကျ်ားဖြစ်တဲ့သူက ကြားပေမဲ့ တအားကြောက်ပြီး မသွားရဲဘူး ဖြစ်နေတယ်"ဟု ပြောသည်။

ယင်းသို့ အဓမ္မပြုကျင့်ရာတွင် ခလရ(၂၈၃)မှ ဗိုလ်ကြီးဌေးဝင်းနှင့်အတူ တပ်သားအယောက် (၃၀)ကျော် ပါဝင်ပြီး နာရီဝက်ခန့်အကြာတွင် အဆိုပါတပ်ဖွဲ့ဝင်များ ပြောင်းခင်းထဲမှ ပြန်လည်ထွက်ခွာသွားမှသာ ခင်ပွန်းဖြစ်သူက ဇနီးသည်ကို သွားရောက်သယ်ယူ၍ ရွာအထိ ပြန်လည်ခေါ်ဆောင်လာခဲ့သည်ဟု သိရသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ ထိုနယ်မြေတွင် လုံခြုံရေးတာဝန်ယူထားသည့် ဒီကေဘီအေ (၉၀၇)တပ်ရင်းမှူး ဗိုလ်နူတ်ခမ်းမွေးကို ကရင်သတင်းစဉ်မှ ဆက်သွယ်၍မရသော်လည်း မေလ (၂၈)ရက်နေ့၌ ၎င်းအား ဒေသခံတဦးမှ အကြောင်းကြားပြောဆိုရာတွင် သူ့အနေဖြင့် စုံစမ်းစစ်ဆေးပြီး ဖြေရှင်းသွားမည်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း သိရသည်။

အဆိုပါအဖြစ်အပျက် ဖြစ်ပွားသွားခဲ့သည့်နောက်ပိုင်းတွင် ပြောင်းစိုက်ပျိုးသည့် ထီးဆဲလယ်ရွာသူရွာသားများသည် မိမိတို့၏ပြောင်းခင်းများသို့ ယခုအချိန်ထိ မသွားရဲကြတော့ဘဲ ကြောက်ရွံ့နေကြသည်။ သို့သော် မေလ (၂၉)ရက်နေ့တွင် နောက်ဆုံးရရှိသည့်သတင်းများအရ အဆိုပါနအဖတပ်ဖွဲ့သည် ဒေသဆိုင်ရာ ဒီကေဘီအေတပ်ဖွဲ့များအား ထိုသတင်းမပေါ်ပေါက်ရေးအတွက် တားမြစ်ထားသည်ဟု သိရသည်။

ထိုဒေသရှိ ထီးဆဲလယ်၊ အူးဖိုးထာ၊ လယ်ဖော်၊ ကနဲလေး၊ မော်ခီး၊ မော်ဖိုးကလိုး၊ ကွီးဆဲဖော၊ ဘလားတို၊ ကော်ဆဲ၊ ကလော်ဝေါ်၊ ဖောဘူးလော့ထာ၊ ဂေါ်ဖိုးခီးနှင့် ဝေါ်လေကျေးရွာတို့ရှိပြီး နအဖ စစ်တပ် စစ်ကွပ်ကဲရေးဌာနချုပ်(၂)မှ လက်အောက်ခံတပ်ရင်းများနှင့် ဗိုလ်နူတ်ခမ်းမွေး ဦးဆောင်သည့် ဒီကေဘီအေ တပ်ရင်း(၉၀၆)နှင့် (၉၀၇)တို့ အခြေစိုက် လှုပ်ရှားလျက်ရှိသည်။ ၂၀၀၂–၂၀၀၄ခုနှစ်များကလည်း နအဖစစ်တပ်မှ ဒေသခံ အမျိုးသမီးများအပေါ် အဓမ္မကျင့်မှုများ ကျူးလွန်ခဲ့ကြသော်လည်း သက်ဆိုင်ရာ အာဏာပိုင်များမှ တစုံတရာ အပြစ်ပေးအရေးယူခြင်း မရှိပေ။